# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

## "ထုတ်ပြန်ကြေညာချက်"

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာရှင် မင်းအောင်လှိုင် ခေါင်းဆောင်သည့် အကြမ်းဖက်စစ်တပ်က နိုင်ငံတော်၏အာဏာကို လက်နက်အားကိုး၍ သိမ်းယူခဲ့ခြင်းကြောင့် လွှတ်တော်အသီးသီး၏ ပုံမှန်လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့သည်မှာ ယနေ့ဆိုလျှင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ ယခုအချိန်အထိ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၆ ဦး မတရား ဖမ်းဆီးထိန်းသိမ်းခံထားရလျက်ရှိပြီး အာဏာရှင်များက ဖိနှိပ်ချုပ်ခြယ်ဟန့်တားမှုများ လုပ်ဆောင်နေသော်လည်း မိမိတို့၏ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ပေးအပ်ထားသောတာဝန်များကို ကြိုးစားထမ်းဆောင်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးတစ်ကြိမ်နှင့် ပုံမှန်အစည်းအဝေးတစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး လိုအပ်သည့်ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ အသစ်ရေးဆွဲခြင်း၊ ပယ်ဖျက်ခြင်းစသည့် ဥပဒေပြုလုပ်ငန်းများအပြင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ပါသည်။

၃။ ပြည်သူလူထုက ယုံကြည်ကိုးစားမှုဖြင့် ဆန္ဒမဲပေးရွေးချယ်၍ တာဝန်ပေးအပ်ထားသည်နှင့်အညီ ကိုယ်စားပြုရေးတာဝန်များနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်နိုင်ရေး တာဝန်များကို ခက်ခဲကြမ်းတမ်းသည့် ယခုအချိန်တွင် အခက်အခဲ၊ ဖိနှိပ်မှုအမျိုးမျိုးကြားမှ ပြည်သူလူထု၏ဆန္ဒနှင့်အတူ ရပ်တည်လျက် မိမိတို့၏မဲဆန္ဒနယ်မြေများနှင့် ရောက်ရှိရာဒေသများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၄။ တစ်နှစ်ပြည့်ကာလအတွင်း အကြမ်းမဖက်အာဏာဖီဆန်မှုတွင် ပါဝင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းသူရဲကောင်းများအား ထောက်ပံ့ချီးမြှင့်နိုင်ရေး၊ နွေဦးတော်လှန်ရေးတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသည့် အာဇာနည်သူရဲကောင်းများ၏ မိသားစုများအား ထောက်ပံ့ပေးနိုင်ရေး၊ စစ်ပွဲများနှင့် စစ်ကောင်စီက လိုက်လံဖမ်းဆီးနေမှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသည့် ပြည်သူများအား ထောက်ပံ့ပေးနိုင်ရေး၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေ

ရေးတို့အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)နှင့် အာဆီယံတို့အနေဖြင့် အကြမ်းဖက်စစ်ကောင်စီတပ်များက မြန်မာပြည်သူတို့အပေါ်၌ လူမဆန်သော သတ်ဖြတ်မှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို အမြန်ဆုံးရပ်တန့်နိုင်ရေး စစ်ကောင်စီအပေါ်၌ စီးပွားရေး၊ သံတမန်ရေး အရေးယူပိတ်ဆို့မှုများကို ပိုမိုလုပ်ဆောင်ပေးရန်နှင့် မြန်မာပြည်သူ လူထု နှင့်အတူ ရပ်တည်၍ ဆက်လက်ကူညီပံ့ပိုးပေးရန် မြန်မာပြည်သူလူထုကိုယ်စား ပြည်ထောင်စု လွှတ်တော်က တောင်းဆိုတိုက်တွန်းအပ်ပါသည်။

၆။ မြန်မာပြည်သူလူထုအား ထိရောက်စွာ အကူအညီပေးနိုင်ရန် မြန်မာနိုင်ငံ၌ စစ်အာဏာ ရှင်များ ကျရှုံးရေး၊ နေရပ်စွန့်ခွာထွက်ပြေးနေရသည့် စစ်ဘေးရှောင်ပြည်သူများအတွက် လူသား ချင်းစာနာထောက်ထားမှု အကူအညီများ၊ Covid-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် လိုအပ် သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် ပြည်သူလူထုက ရွေးချယ်တင်မြှောက် ထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေး အစိုးရတို့နှင့် ပူးပေါင်းကူညီပေးရန် နိုင်ငံတကာအသိုက်အဝန်းအား တောင်းဆိုအပ်ပါသည်။

၇။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အနာဂတ်ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ကျရာကဏ္ဍအသီးသီးတွင် ပါဝင်ထမ်းဆောင်လျက်ရှိပြီး ပြည်သူလူထုက ယုံကြည်ကိုးစားမှုဖြင့် ပေးအပ်ထားသည့် တာဝန် ကို ကျေပွန်အောင် ထမ်းပိုးသွားမည် ဖြစ်ပါသည်။ ထို့ပြင် အကြမ်းမဖက်အာဏာဖီဆန်မှုတွင် ပါဝင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းသူရဲကောင်းများအား ဂုဏ်ပြုချီးမြင့်နိုင်ရေး၊ နွေဦးတော်လှန်ရေး တိုက်ပွဲအတွင်း ကျဆုံးသွားသူများအတွက် အာဇာနည်သူရဲကောင်းများအဖြစ် ဂုဏ်ပြုနိုင်ရေး ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ဆက်လက်လုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ တစ်နှစ်တာကာလအတွင်း အကြမ်းဖက် စစ်ကောင်စီသည် နိုင်ငံတကာမှ စီးပွားရေး၊ နိုင်ငံရေး၊ သံတမန်ရေး အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရပြီး နိုင်ငံတကာအသိုက် အဝန်းကလည်း ဖယ်ကြဉ်ထားခြင်းကို ခံနေရကာ အကြမ်းဖက်စစ်တပ်ထဲတွင်လည်း အချင်းချင်း ပြိုကွဲလျက်ရှိခြင်းကြောင်း မိမိတို့အနေဖြင့် အချိန်တစ်ခုသာ ကြံ့ကြံ့ခံ လျှောက်လှမ်းပါက ပြည်သူတို့၏ အောင်ပွဲသည် ဧကန်မလွဲ ရောက်ရှိတော့မည် ဖြစ်ပါသည်။

၉။ မြန်မာနိုင်ငံ၌ စစ်အာဏာရှင်များ အပြီးတိုင်ကျဆုံးပြီး တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တနေသည့် ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရေး ခက်ခဲကြမ်း တမ်းသည့် တော်လှန်ရေးခရီးအား သည်းခံစိတ်ရှည်စွာ ပါဝင်ပေးခဲ့ကြသည့် ပြည်သူများ၊ အဖက်

ဖက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်း၊ နိုင်ငံတကာလွှတ်တော်များနှင့် ကမ္ဘာ့နိုင်ငံများအား ပြည်သူလူထု ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ဖော်ပြအပ် ပါသည်။

၁၀။ မြန်မာနိုင်ငံ၌ လူမဆန်သော လူသတ်ဖက်ဆစ်စစ်တပ်၏ မတရားအာဏာလုယူထားသည့် ပြည်သူ့အာဏာအား မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုထံသို့ ပြန်လည်အပ်နိုင်ရေးနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်ရေး တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ အင်အားစုများ၊ နိုင်ငံတကာအသိုက်အဝန်းများ၊ နိုင်ငံတကာနှင့် ဒေသတွင်း လွှတ်တော်များ၊ လူပုဂ္ဂိုလ်များက လက်တွဲ ပူးပေါင်းပေးကြပါရန် ထပ်မံဖိတ်ခေါ်အပ်ပြီး ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးအင်အားစုအားလုံးနှင့် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**